ပေါက်ဖော်သံယောဇဉ်

# မန္တလေး-ယူနန်ပြည်နယ်ချစ်ကြည်ရေးအသင်း "စက္ခုအလင်းခရီးစဉ်" ရှေ့ပြေးအဖွဲ့ တရုတ်နွယ်ဖွားအသင်းများနှင့်တွေ့ဆုံ

ယူနန်ပြည်နယ် ပြည်ပဆက်ဆံရေးချစ်ကြည်ရေးအသင်း၏ (၂၀၁၈) ခုနှစ်"စက္ခုအလင်းခရီးစဉ်"ရှေ့ပြေးအဖွဲ့ (၅)ဦးအဖွဲ့သည် ယခုရက်ပိုင်းကြင်တောယွမ်းသို့သွားရောက်ကာ ကြင်တောယွမ်းပရဟိတအသင်းချုပ်၊ ကြင်တောယွမ်း အမျိုးသမီးပရဟိတအသင်း၊ ပင်လယ်ရပ်ခြားတရုတ်ဝန်ဆောင်မှုအသင်း၊ အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်းစသည့် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြပါသည်။

ကြင်တောယမ်းပရဟိတအသင်းချုပ်ဥက္ကဋ္ဌဦးမောင်မောင်က ကြိုဆိုနှုတ်ခွန်းစကားပြောကြားရာတွင် နှစ်အတော်ကြာကာလအတွင်း ချစ်ကြည်ရေးအသင်း၏ "စက္ခုအလင်းခရီးစဉ်" လှုပ်ရှားမှုသည် မြန်မာနိုင်ငံမှဆင်းရဲချို့တဲ့သောမိသားစုများအား အလင်းရောင်နှင့်ချမ်းသာသုခများကိုသယ်ဆောင်ပေးလာနိုင်ခဲ့ပါကြောင်း၊ ပေါက်ဖော်ချစ်ကြည်ရေးကို မိမိတာဝန်အဖြစ် ယူဆထားသည့်ကြင်တောယမ်းပရဟိတအသင်းချုပ်နှင့် ချစ်ခင်ရင်းနှီးစွာပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်ဖြစ်နေပါကြောင်း၊ ချစ်ကြည်ရေးအသင်းအနေနှင့် တရုတ်မြန်မာချစ်ကြည်ရေးတိုးမြှင့်စေရေးအတွက် ဆထက်တပိုးကြိုးပမ်းဆောင်ရွက်စေလိုပါကြောင်း ပြောကြားသွားပါသည်။

အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်း ကြီးကြပ်ရေးဥက္ကဋ္ဌ ဦးသက်ဝေက သူ့အနေနှင့် မြင်းမူထီးဆောင်းမျက်စိအထူးကုဆေးရုံကြီးကိုတွေ့ရှိခဲ့သည့်ဖြစ်စဉ်အား အသေးစိတ်ရှင်းပြသွားပါသည်။ သူကပြောကြားသည်မှာ-မြင်းမူထီးဆောင်း မျက်စိအထူးကုဆေးရုံကြီးသည် မြန်မာနိုင်ငံမှာအကြီးဆုံးမျက်စိကုသသည့် ဆေးရုံကြီးဖြစ်နေပါကြောင်း၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူမိသားစုများအား တံခါးဖွင့်ထားပေးနိုင်ခဲ့ပါကြောင်း၊ သူနှင့်တကွအခြားအလှူရှင်များကဆေးရုံကြီးအတွက် လှူဒါန်းခြင်းအဖြာဖြာကို ဆောင်ရွက်နေသော်ငြားလည်း ယူနန်ချစ်ကြည်ရေးအသင်း၏ "စက္ခုအလင်းခရီးစဉ်"သာလျှင် မြန်မာနိုင်ငံမှအတွင်းတိမ်ရောဂါဝေဒနာရှင်များအတွက် အမှန်တကယ် စက္ခုအလင်းနှင့် ချမ်းသာသုခများကိုဆောင်ကြဉ်းပေးလာပါကြောင်း၊ သူ့အနေနှင့် မြန်မာနိုင်ငံပြည်သူလူထုကိုယ်စား ယူနန်ချစ်ကြည်ရေးအသင်းအားကျေးဇူးအထူးတင်ရှိပါကြောင်းစသည်ဖြင့်ပြောကြားသွားပါသည်။

ပင်လယ်ရပ်ခြားတရုတ်အမျိုးသားဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ ဦးမြင့်နိုင်က ဧည့်သည်တော်များအားကြင်တောယမ်းပရဟိတအသင်းချုပ်၏ သမိုင်းကြောင်းနှင့်မြန်မာနိုင်ငံလူမှုအသိုင်းအဝိုင်းအပေါ် ပြုလုပ်ခဲ့သောပေးလှူခြင်းများနှင့်အောင်မြင်မှုများအကြောင်းကို မိတ်ဆက်ပေးသွားပါသည်။ လွန်ခဲ့သောနှစ်များကတည်းက ယူနန်ပြည်နယ်ချစ်ကြည်ရေးအသင်း၏ "စက္ခုအလင်းခရီးစဉ်" သည် မြန်မာနိုင်ငံသို့ဝင်ရောက်လာခဲ့ပါကြောင်း၊ ထိုအချိန်ကတည်းကပင် ကြင်တောယွမ်းပရဟိတအသင်းချုပ်၊ကြင်တောယွမ်းအမျိုးသမီးပရဟိတအသင်း၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်းတို့နှင့်အတူ လက်ချင်းချိတ်ကာပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ "စက္ခုအလင်းခရီးစဉ်"လှုပ်ရှားမှုကို အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့်အကူအညီများကို ပေးဆောင်နိုင်ခဲ့ပါကြောင်း၊ နောက်ပိုင်းမှာ ပင်လယ်ရပ်ခြားတရုတ်အမျိုးသားဝန်ဆောင်မှုအသင်း၊ အထက်မြန်မာပြည် တရုတ်ကုန်သည်ကြီးများအသင်းတို့ကလည်း အကောင်းဆုံးပူးပေါင်းဆောင်ရွက်မှုမိတ်ဖက် ဖြစ်လာခဲ့ပါကြောင်း၊ နောက်နောင်အားလုံးအနေနှင့်ဆက်လက်ချင်းချိတ်ကာ မြန်မာ-တရုတ်ချစ်ကြည်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးစေလိုပါကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။






"ကူညီပံ့ပိုးခြင်း"

# တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန-တရုတ်အနေနှင့် လာအိုရေကာတာကျိုးပေါက်သည့်ဘေးဒုက္ခအပေါ် ကူညီထောက်ပံ့မှုများပေးလို

လာအိုတောင်ပိုင်းအာဆုပေါပြည်နယ်မှလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် ဇူလိုင်လ(၂၃)ရက်နေ့၌ ရေကာတာကျိုးပေါက်သည့် အရေးဘေးဒုက္ခဖြစ်ပေါ်ခဲ့ပါသည်။ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ ကိန်ဆွမ်က ဇူလိုင်လ(၂၅)ရက်နေ့မှာ ပြောကြားသွားသည်မှာ "တရုတ်နိုင်ငံအနေနှင့်လာအိုကပ်ဘေးကယ်ဆယ်ရေးလုပ်ငန်းအပေါ် ကူညီထောက်ပံ့မှုများ လုပ်ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ လာအိုဖက်နှင့်နီးကပ်စွာ ဆက်သွယ်ညှိနှိုင်းလျက်ရှိနေပါကြောင်းစသည်ဖြင့် ပြောကြားသွားပါသည်။

ကိန်ဆွမ်ကပြောကြားသွားသည်မှာ "တရုတ်နိုင်ငံအနေနှင့် လာအိုနိုင်ငံလျှပ်စစ်ဓာတ်အားပေးစက်ရုံရေကာတာကျိုးပေါက်မှုကြောင့် ဖြစ်ပေါ်လာသောအသက်အိုးအိမ်ဆုံးရှုံးမှုအပေါ် နက်ရှိုင်းစွာကိုယ်ချင်းစာနာမိပါကြောင်း၊ ဒုက္ခရောက်ရှိသည့်မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲမိပါကြောင်း၊ ပျောက်ဆုံးသူများ အမြန်ဆုံးရှာဖွေတွေ့ရှိကယ်ဆယ်နိုင်ပါရန်နှင့် ဒဏ်ရာရရှိသူများ စောစီးစွာ ပြန်လည်နလံထူစေလိုပါကြောင်း၊ ကပ်ဘေးသင့်ပြည်သူလူထုများအနေနှင့်လည်း စောစီးစွာနဂိုအခြေအနေသို့ပြန်လည်ရောက်ရှိစေလိုပါကြောင်း၊ တရုတ်ဖက်က လာအိုဖက်သို့ ကယ်ဆယ်ရေးလုပ်ငန်းအတွက် ထောက်ပံ့မှုနှင့်အကူအညီများကို အချိန်မှီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသဖြင့်ပြောကြားသွားပါသည်။

ဆင်ဟွာသတင်းဌာန

# ယူနန်ပြည်နယ်သည် ပေကျင်းမြို့တွင် "ကျန်းမာရေးကျသော နေထိုင်ရန်နေရာ" အစီအစဉ်မိတ်ဆက်

ယူနန်ပြည်နယ်အစိုးရ၏ "အစိမ်းရောင်စွမ်းအင်၊ အစိမ်းရောင်စားသောက်ကုန်၊ ကျန်းမာရေးကျသောနေထိုင်ရန်နေရာစီမံကိန်း(၃)ရပ်" မဟာဗျူဟာမြောက်အခင်းအကျင်းနှင့် ရင်းနှီးမြှုပ်နှံမှုခေါ်ယူခြင်းလုပ်ငန်းကို တိုးမြှင့်ဆောင်ရွက်ခြင်းဆိုင်ရာတောင်းဆိုချက်များအရ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုခေါ်ယူရေး ပူးပေါင်းဆောင်ရွက်မှုဌာနသည် ပြည်နယ်ကျန်းမာရေးကော်မတီ၊ ပြည်နယ်သိပ္ပံနည်းပညာဦးစီးဌာနနှင့် ပြည်နယ်စားသုံးကုန်ဆေးဝါးကြီးကြပ်ရေးဌာနတို့နှင့်ပူးတွဲပြီး ပေကျင်းမြို့တွင် "ယူနန်ကျန်းမာရေးကျသောနေထိုင်ရန်နေရာ"ရင်းနှီးမြှုပ်နှံမှုခေါ်ယူမိတ်ဆက်ပွဲကို ကျင်းပခဲ့ပါသည်။ ယခုအကြိမ်မိတ်ဆက်ပွဲတွင် ယူနန်ပြည်နယ်အတွင်း၏မြို့နှင့်ပြည်နယ်ခွဲ(၁၁)ခုမှ ရင်းနှီးမြှုပ်နှံမှုခေါ်ယူရေးဌာနများ၊ ယူနန်အလယ်ပိုင်းမြို့သစ်ဒေသနှင့်အချို့သောအလေးပေးဆေးဝါးခြံမြေဇုန်၊ ယူနန်ရင်းနှီးမြှုပ်နှံမှုနှင့် အစုရှယ်ယာပိုင်ကုမ္ပဏီလီမိတက်၊ ယူနန်ပြည်နယ် ဆောက်လုပ်ရေးအုပ်စုအစုရှယ်ယာပိုင်ကုမ္ပဏီလီမိတက်၊ ယူနန်မြို့ပြရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ၊ ယူနန်စက်မှုရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ စသည့်ပြည်နယ်အဆင့် ကုမ္ပဏီလုပ်ငန်းများနှင့်ဆေးဝါးဆိုင်ရာလုပ်ငန်းပေါင်းမှ လူပုဂ္ဂိုလ်(၇၀)ရှိသည့်အဖွဲ့ ဖွဲ့စည်းကာ ပေကျင်းမြို့သို့သွားရောက်ပြီး မိတ်ဆက်ခြင်းနှင့်ချိတ်ဆက်ခြင်းများဆောင်ရွက်ခဲ့ရာ ပေးကျင်းမြို့ဒေသအသီးသီးမှ ဆေးဝါးနှင့်ကျန်းမာရေးဆိုင်ရာ လုပ်ငန်း(၈၀)ကျော်အား ရင်းနှီးမြှုပ်နှံမှုမိတ်ဆက်ခြင်းလှုပ်ရှားမှုသို့ ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့ပါသည်။

မိတ်ဆက်ခြင်းမှသိရသည်မှာ-ယခုအကြိမ်လှုပ်ရှားမှုမှာပြည်နယ်၊ မြို့(ပြည်နယ်ခွဲ)မှ ရင်းနှီးမြှုပ်နှံမှုခေါ်ယူသည့်စီမံချက်ပေါင်း(၂၀၀)ကျော် ရှိပါကြောင်း၊ တရုတ်တိုင်းရင်းဆေးဘယဆေးစိုက်ပျိုးရေးနှင့်အချောကိုင်လုပ်ငန်း၊ ဇီဝဆေးဝါး၊ ကုသရေးစက်ကိရိယာများ၊ ကျန်းမာရေးဓာတ်စာများ၊ ဆေးကုသမှုပူးပေါင်းဆောင်ရွက်ရေး၊ သက်ကြီးစောင့်ရှောက်မှုနှင့် ကျန်းမာစွာအပန်းဖြေရေးစသည့်နယ်ပယ်ကဏ္ဍများပါဝင်ပါကြောင်း၊ မိတ်ဆက်ပွဲတွင် ယူနန်ပြည်နယ်ကျန်းမာရေးဌာနနှင့်သိပ္ပံနည်းပညာဦးစီးဌာနမှ ခေါင်းဆောင်လူကြီးများက ယူနန်ပြည်နယ်မှာဇီဝဆေးဝါးလုပ်ငန်းနှင့် ကျန်းမာရေးထုတ်ကုန်လုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် အလေးထားသည့်အချက်အလက်များ၊ ရည်မှန်းချက်နှင့် သက်ဆိုင်သည့်ပေါ်လစီများကို ဧည့်သည်လုပ်ငန်းရှင်များအား အသေးစိတ်ရှင်းလင်းသွားပါကြောင်း၊ တချန်းကျုံး(ယူနန်အလယ်ပိုင်း)မြို့သစ်၊ ကူမင်းအဆင့်မြင့်မြို့သစ်၊ ယွိရှီးရင်းနှီးမြှုပ်နှံမှုခေါ်ယူမှုဌာနနှင့် ဖန်လုံမြို့နယ်အစိုးရတို့က မိမိတို့နယ်မြေဒေသဆိုင်ရာပေါ်လစီအားသာချက်များနှင့် အလေးပေးရင်းနှီးမြှုပ်နှံမှုခေါ်ယူသည့်စီမံကိန်းများအပေါ် အထူးခေါင်းစဉ်ဖြင့် မိတ်ဆက်ခြင်းပြုလုပ်ခဲ့ပါကြောင်း၊ ပွဲတက်ရောက်လာသောဧည့်သည်လုပ်ငန်းရှင်များကလည်း ယူနန်ပြည်နယ်တွင် ကျန်းမာရေးဆိုင်ရာထုတ်ကုန်လုပ်ငန်း၏ အားသာချက်အပေါ် အလားအလာကောင်းသည်ဟု မြင်မိပါကြောင်း၊ ယူနန် "ကျန်းမာရေးကျသောနေထိုင်ရန်နေရာ" အစီအစဉ်သည် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်သည့်စွမ်းအားနှင့် ဖွံ့ဖြိုးမှုအလားအလာအပြည့်အဝရှိသည်ဟု ယူဆမိပါကြောင်း၊ လုပ်ငန်းရှင်အချို့ကမူ ယူနန်သို့ရင်းနှီးမြှုပ်နှံမှု လေ့လာရေးခရီးများသွားရောက်လိုပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုအတွက် တက်ကြွသည့်ဆန္ဒများကို ဖော်ပြသွားကြပါကြောင်း စသဖြင့်သိရှိရပါသည်။

အဆိုပါ အထူးရည်မှန်းချက်ရှိသည့်မိတ်ဆက်ပွဲနှင့် တွေ့ဆုံပွဲလှုပ်ရှားမှုဖြင့် နိုင်ငံတော်ဆေးဝါးအုပ်စု၊ ဟွာရိမ့်ဆေးကုသရေးအုပ်စုတို့က ယခုရှိသောပူးပေါင်းဆောင်ရွက်မှုအခြေပြုပြီး မိမိတို့၏အားသာချက်နှင့် ယူနန်၏အားသာချက်တို့ကိုပေါင်းစပ်ကာ တက်ကြွစွာဖြင့်ဖြစ်နိုင်စွမ်းရှိသော ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်မှာ ကြိုးပမ်းဆောင်ရွက်မည်ဟု သဘောထားကို ဖော်ပြသွားပါသည်။ တုံရှီးအုပ်စု၊ canonဆေးကုသမှုအုပ်စု၊ ချီမင်ကျန်းမာရေး၊ ဝမ့်ဖန်းကိန်းဂဏန်း၊ ပေါ်အောင်ဆိုက်စီ၊ ပေကျင်းအိုက်စိမ်း၊ ကျင်းကျူးတိဗက်ဆေးဝါးစသည့်လုပ်ငန်းရှင်တို့သည် သက်ဆိုင်သည့်ပြည်နယ်ခွဲနှင့်မြို့များနှင့်ကူးလူးဆက်ဆံရေး၊ ချိတ်ဆက်ရေးစသည်တို့ကို လုပ်ဆောင်ကြကာ အပြန်အလှန်လေ့လာရေးနှင့်ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းရေးတို့အတွက် တူညီသောအမြင်များရရှိခဲ့ကြပါသည်။ စိတူး(မြို့တော်)ဆေးကုသရေးအုပ်စု၊ ပေတာ့(ပေကျင်းတက္ကသိုလ်)ဆေးကုသရေး၊ တရုတ်ဆေးဝါးခြံဇုန်ထုတ်ကုန်အုပ်စုယူနီယံ၊ ကျုံးကွမ်းချွင်းကျန်းမာရေးထုတ်ကုန်ကော်မတီ စသည့်လုပ်ငန်းများနှင့်ဌာနတို့က ယူနန်နိုင်ငံတကာဆေးကုသရေးကျန်းမာရေးမြို့တည်ဆောက်ရေးစီမံကိန်းအပေါ် ကြီးမားသောစိတ်ဝင်စားမှုများကို ပြသသွားကြပါသည်။

သတင်းထောက်-ကျန်းကျီကျော်